# Information Guideline for New Arrivals



# နိဒါန်း

ဤလမ်းညွှန်စာအုပ်သည် နိုင်ငံအတွင်းနေထိုင်စဉ် လုံခြုံရေးနှင့် လုံခြုံမှုရှိစေရန်အတွက် ထိုင်းနိုင်ငံသို့ ရောက်ရှိလာသူအသစ်များအတွက် အရေးကြီးသောအချက်အလက်များကို ပံ့ပိုးပေးရန်အတွက် ရေးဆွဲထားခြင်းဖြစ်ပါသည်။

မတူညီသောယဉ်ကျေးမှုနောက်ခံနှင့် မတူညီသောနိုင်ငံများမှ လာသူများဖြစ်သောကြောင့် အိမ်ရှင်နိုင်ငံရှိ ဥပဒေနှင့် မူဝါဒ၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှုကွဲပြားမှုများကို နားလည်ရန် အရေးကြီးပါသည်။ ထိုသို့နားလည်ခြင်းသည် ထိုင်းနိုင်ငံတွင် လုံခြုံပျော်ရွှင်စွာနေထိုင်နိုင်စေရန် အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။

ဤလမ်းညွှန်စာအုပ်ပါအကြောင်းအရာများတွင်ယဉ်ကျေးမှုအလေ့အထများ၊ အိမ်တွင်းဥပဒေများ၊ ဘေးကင်းသော ရွှေ့ပြောင်းနေထိုင်မှု၊ ပညာရေးစနစ်၊ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် လူမှုဝန်ဆောင်မှုများ ပါဝင်သည်။ ထိုအချက်အလက်များသည် ထိုင်းလူမျိုးမဟုတ်သော ထိုင်းနိုင်ငံတွင် ယာယီအကာအကွယ်ရှာနေသော သူများအား အကူအညီဖြစ်စေရန် လုံလောက်ပါသည်။



SECTION 2

# ထိုင်းယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ယေဘုယျအားဖြင့် နားလည်ခြင်း။




## DO

1. ထိုင်းနိုင်ငံသားများအနေဖြင့် တဦးကိုတဦးနှုတ်ဆက်ချိန်တွင် လက်အုပ်ချီ၍ "စဝပ်ဒီ" ဟူ၍ပြောဆိုနှုတ်ဆက်ပါသည်။

2. ထိုင်းလူမျိုးများအနေဖြင့် မရင်းနှီးသောသူအား တဦးကိုတဦး ပြုံးပြခြင်းအားဖြင့် ဖော်ရွေရင်းနှီးမှုအားဖော်ပြလေ့ရှိသည်။

3. နေအိမ်(သို့) ဘာသာရေးအဆောက်အအုံများသို့ ဝင်ရောက်သွားလာသည့်အချိန်တွင် မိမိစီးလာသော ဖိနပ်အား ချွတ်ပြီးမှဝင်ရောက်သင့်သည်။

4. ထိုင်းလူမျိုးများအနေဖြင့် နာမည်အရင်းနှင့် ခေါ်ဆိုကြလေ့ရှိပြီး ခင်မင်ရင်းနှီးမှုရှိလာသည့် အချိန်တွင် အိမ်နာမည်ကိုသာ ယဉ်ကျေးမှုရှိရန် အရှေ့တွင် "ခွန်" ထည့်၍ခေါ်ဝေါ်လေ့ရှိသည်။

5. ထိုင်းလူမျိုးများအနေဖြင့် ဇွန်းခရင်းများအသုံးပြု၍ အစားအသောက် စားသုံးလေ့ရှိသည်။

6. ထိုင်းလူမျိုးများသည် သက်ကြီးရွယ်အိုများနှင့် အရေးပါသော လူပုဂ္ဂိုလ်များအား အလေးထား လေးစားလေ့ရှိသည်။

7. ဘုရားကျောင်းများ သို့မဟုတ် အထိမ်းအမှတ်နေရာများတွင် သပ်ရပ်စွာ ဝတ်စားဆင်ယင်ရန်။

8. အများပိုင်နေရာများတွင်ချမှတ်ထားသော ထိုင်းဥပဒေများ အားလိုက်နာသင့်သည်။ အောက်ပါအချက်များ ပြုမူခြင်း ကြောင့် ရဲတပ်ဖွဲ့မှတားဆီးခြင်း/ ဖမ်းဆီးခြင်း၊ ဒဏ်ငွေရိုက် ခံရနိုင်သောအကြောင့် ရှောင်ရှားသင့်သည်။
   - လမ်းပေါ်တွင် ဥပဒေမဲ့ ဖြတ်ကျော်ခြင်း သို့မဟုတ် လမ်းလျှောက်ခြင်း သို့မဟုတ် ယာဉ်ကြောပိတ်ဆို့မှုကို ဂရုမစိုက်ဘဲ ဖြတ်ကျော်ခြင်း။
   - အမှိုက်ပစ်ခြင်း။
   - အစိုးရရုံး၊ ဘုရားကျောင်း၊ ဘတ်စ်ကားမှတ်တိုင်၊ စားသောက်ဆိုင်၊ ပန်းခြံ အစရှိသည့် အများသူငှာနေရာများ တွင် ဆေးလိပ်သောက်ခြင်း။

9. ထိုင်းအိမ်နီးချင်းများနှင့် ပတ်ဝန်းကျင်အား ကောင်းမွန်သော ဆက်ဆံရေးရရှိရန် ထိန်းသိမ်းပါ။ (ဥပမာ- စေတနာဖြင့် ကူညီခြင်း) ၎င်းတို့၏ ယဉ်ကျေးမှုနှင့် စံနှုန်းများကို လေးစားပါ။ အိမ်နီးနားချင်းကောင်းရှိခြင်းသည် သင့်အတွက် အသုံးဝင်သောသတင်းအချက်အလက်များကို ရရှိစေနိုင်ပါသည်။

SECTION 2

# ထိုင်းယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ယေဘုယျအားဖြင့် နားလည်ခြင်း။

## DON'T



1. ထိုင်းအမျိုးသားရေးအဖွဲ့စည်းများ၊ ဘာသာရေးများနှင့် ထိုင်းဘုရင်အား မကောင်းမွန်သော အပြုမူများ၊ ရှုတ်ချမှုများ မပြုလုပ်သင့်ပါ။
2. ထိုင်းလူမျိုးများအနေဖြင့် ဦးခေါင်းမှာ မြင့်မြတ်သောအရာဟု သတ်မှတ်ထားသည့်အတွက် ခေါင်းအားကိုင်တွယ်ခြင်း ကျော်ခွခြင်းများမလုပ်သင့်ပါ။
3. ထိုင်းလူမျိုးများအနေဖြင့် ခြေထောက်မှာ နိမ့်သည့်အရာဟုသတ်မှတ်ထားသဖြင့် ခြေထောက်နှင့် ညွှန်ပြခြင်း၊ တခြားသူပေါ်ကျော်ခွသွားခြင်းနှင့် အရာဝတ္ထုများဖြစ်သော အစားအသောက်၊ စာအုပ်များ စသည်တို့ကို ကျော်ခွခြင်းများ မပြုလုပ်သင့်ပါ။
4. အရေးပါသောနေရာဌာနများနှင့် ဘာသာရေးဆိုင်ရာနေရာများသို့ သွားရာတွင် လုံခြုံမှုမရှိသော၊ ယဉ်ကျေးမှုနှင့်မညီသော အဝတ်အစားများကို မဝတ်သွားသင့်ပါ။
5. ဒေါသအလျှောက် လူအများရှေ့တွင် အော်ငေါက်ခြင်းမပြုသင့်ပါ ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပေါ် နိုင်ပါက - ထိုင်းလူမျိုးများသည် ယေဘုယျအားဖြင့် အေးဆေးစွာပြောဆိုတတ်ပြီး ထိပ်တိုက်ရင်ဆိုင်မှုမှန်သမျှကို ရှောင်ရှားလေ့ရှိကြသည်။ အော်ဟစ်ခြင်းနှင့် ကျယ်လောင်စွာ ပြောဆိုခြင်းတို့အား မပြုလုပ်သင့်ပါ။
6. ထိုင်းနိုင်ငံတွင် တစ်စုံတစ်ယောက်အား လက်ညှိုးညွှန်ပြခြင်းသည် ယဉ်ကျေးမှုမရှိ များစွာ ရိုင်းစိုင်းသည်ဟု ယူဆသည်။ တစ်စုံတစ်ဦးကို ညွှန်ပြရမည်ဆိုပါက၊ သင်၏မေးစေ့ကို ၎င်းတို့၏ဦးတည်ရာသို့ မြှောက်ထားခြင်းဖြင့် ညွှန်ပြနိုင်ပါသည်။ သက်မဲ့အရာဝတ္ထုများနှင့် တိရစ္ဆာန်များအားညွှန်ပြရာတွင်မူ လက်ချောင်းတစ်ချောင်းတည်းသုံး၍ညွှန်ပြခြင်းမဟုတ်ဘဲ သင့်လက်တစ်ခုလုံးကို သုံး၍ညွှန်ပြခြင်းသည် ပို၍ယဉ်ကျေးမှုရှိသည်။
7. မိမိ၏ ID ကဒ် သို့မဟုတ် အခြားကဒ်များကို မည်သူ့ကိုမှ မျှဝေခြင်းမပြုရန်။ မိမိကိုယ်တိုင် လုံခြုံစွာသိမ်းဆည်းထားရမည်ဖြစ်သည်။

SECTION 3

# ယာဉ်စည်းကမ်းလမ်းစည်းကမ်း : ထိုင်းနိုင်ငံအတွင်း ဘေးကင်းစွာနှင့် တရားဥပဒေနှင့်ကိုက်ညီစွာ ယာဉ် မောင်းခြင်း/စီးနှင်ခြင်း



## ဘာကြောင့် မူးလျှင် ယာဉ်မမောင်းသင့်ပါသလဲ။

အာရုံကြောစနစ်မှာ ပုံမှန်လို အလုပ်မလုပ်တော့ပါ။ မူးယစ်ခြင်း ခေါင်းမူးခြင်း ခေါင်းကိုက်ခြင်းတို့ဖြစ်စေသည့်အတွက် ယာဉ်မောင်းရာတွင် အာရုံစူးစိုက်မှု လျော့ကျစေသည်။

ရှေ့တွင်ဖြစ်လာမည့်အရာများအား မှန်းဆနိုင်မှုလျော့ကျလာပြီး ယဉ်တိုက်မှုအတွက် တုန့်ပြန်မှု လျော့နည်းလာသည်။ ဦးနှောက်၏ တုန့်ပြန်မှုလျော့နည်းလာသည်။

ကားကိုထိန်းချုပ်နိုင်သည့်စွမ်းရည်လျော့ကျလာသည်။ ခန္ဓာကိုယ်ထိန်းချုပ်နိုင်စွမ်းလျော့နည်းလာခြင်း၊ အမြင်အာရုံ၊ အကြားအာရုံနှင့် စိတ်ဆုံးဖြတ်နိုင်စွမ်းနှောင့်နှေးလာခြင်းတို့ကြောင့် ကားမောင်းရာတွင် ဟန်ချက်ပျက်လာပြီး ယဉ်တိုက်မှုများဖြစ်စေနိုင်ပါသည်။

အမြင်အာရုံဝေဝါးလာခြင်း။ အရက်အာနိသင်ကြောင့် လမ်းအားကောင်းမွန်စွာမမြင်ရပါ။ အထူးသဖြင့် ညဘက်မောင်းလျှင် ယာဉ်တိုက်မှုနှုန်း ပိုမိုဖြစ်စေနိုင်သည်။

အိပ်ငိုက်ခြင်း။ မောပန်းနွမ်းနယ်ခြင်းကြောင့် ကားမောင်းနေချိန်အတွင်း အိပ်ပျော်သွားခြင်းများဖြစ်တတ်သည်။

## မှတ်ချက် ။ ။ မူးပြီးမောင်းလျှင် တရားဥပဒေအရ အပြစ်ပေးခံရမည်ဖြစ်သည်။

ပထမအကြိမ် အပြစ်ကြူးလွန်ခဲ့ပါက ယဉ်မောင်းလိုင်စင်တွင် 4 မှတ်အနှုတ်ခံရမည်ဖြစ်သည်။

- **အများပြည်သူ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်း**
  အမြင့်ဆုံးအပြစ်ဒဏ် ထောင်ဒဏ် 10နှစ် ဒဏ်ငွေ 200,000 ဘတ်၊ ယဉ်မောင်းလိုင်စင် ဖျက်သိမ်းခြင်း။
- **ပထမအကြိမ် အပြစ်ကြူးလွန်ခြင်း**
  ထောင်ဒဏ် 1 နှစ် (သို့) ဒဏ်ငွေ 5,000 – 2,000 ဘတ်
- **အပြစ်အား ထပ်မံကြူးလွန်ခြင်း**
  2 နှစ်အတွင်း ထပ်မံမူးမောင်းပါက တရားရုံးမှ ထောင်ဒဏ်နှင့် ငွေဒဏ်ချမှတ်မှာဖြစ်သည်။ ထောင်ဒဏ် 2 နှစ်ထက်မများ ဒဏ်ငွေ 50,000 – 100,000 ဘတ် ယဉ်မောင်းလိုင်စင်အား 1 နှစ် သိမ်းခံရခြင်း (သို့) ဖျက်သိမ်းခြင်း။

## စက်တင်ဘာလ 5 ရက်နေ့ 2022 မှစတင်အသက်ဝင်သည့် အသစ်ထွက်ရှိလာသောယဉ်စည်းကမ်းလမ်းစည်းကမ်း အပြစ်ဒဏ်သတ်မှတ်နှုန်း



| | |
|---|---|
| • သတ်မှတ်ထားအမြန်နှုန်းထက်ကျော်၍မောင်းနှင်ခြင်း | ဒဏ်ငွေ **4,000** ဘတ် |
| • မီးနီဖြတ်မောင်းခြင်း | ဒဏ်ငွေ **4,000** ဘတ် |
| • လူကူးမြင်းကြားတွင် လမ်းဖြတ်ကူးသူများအတွက် မရပ်ပေးခြင်း | ဒဏ်ငွေ **4,000** ဘတ် |
| • လမ်းပြောင်းပြန်မောင်းခြင်း | ဒဏ်ငွေ **2,000** ဘတ် |
| • ယဉ်မရပ်ရသတ်မှတ်ဧရိယာတွင် ယဉ်ရပ်နားခြင်း | ဒဏ်ငွေ **2,000** ဘတ် |
| • ဆိုင်ကယ်အုပ်ထုပ်မဆောင်ခြင်း | ဒဏ်ငွေ **2,000** ဘတ် |
| • safety belt မတပ်ခြင်း | ဒဏ်ငွေ **2,000** ဘတ် |
| • အများသူငှာ၏လုံခြုံရေးအား သတိမမူပဲမောင်းနှင့်ခြင်း | ထောင်ဒဏ် **1** နှစ်ထက်မကျော် ငွေဒဏ် **5,000- 20,000** မကျော် (သို့) ထောင်ဒဏ်နှင့်ငွေဒဏ် နှစ်မျိုးစလုံးချမှတ်ခံရမည်။ |

**မှတ်ချက်**

ယဉ်မောင်းများနှင့် လမ်းအသုံးပြုသူများ၏ဆုံးရှုံးမှုအပေါ်မူတည်ပြီး အပြစ်ဒဏ်များထပ်တိုးသည်။

## တရားဥပဒေအတွင်း စက်ဘီးစီးနင်းသူများရဲ့အခွင့်အရေး ဘာတွေရှိလဲ?

Thailand Cycling Club ၏ "လမ်းပေါ်စက်ဘီးစီးနင်းသူများ၏ အခွင့်အရေး" ဆိုသော သုတေသနအနှစ်ချုပ်အရ အောက်ပါ စက်ဘီးစီးနင်းသူများ၏ အခွင့်အရေး 6 ချက်ကိုအတည်ပြုခဲ့ပါသည်။

**1 ယဉ်သွားလမ်းပေါ် ရှိအခွင့်အရေး**

ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ 2014 ခုနှစ် ပုဒ်မ 4 ဖော်ပြချက်အရ စက်ဘီးစီးနင်းသူများသည် အများသူငှာအတိုင်း လူသားတယောက်အနေဖြင့် လွတ်လပ်ခွင့်ရှိသည်အလျှောက် အစိုးရအနေဖြင့် စက်ဘီးစီးသူများအား အခြားယာဉ်များနှင့်တန်းတူ ယာဉ်သွားလမ်းအား သွားလာအသုံးပြုနိုင်ရေးအတွက် လုပ်ဆောင်ပေးရန်တာဝန်ရှိပါသည်။



**2 တရားမမှုနှင့် ရာဇဝတ်မှုများတွင် အကာကွယ်ရပိုင်ခွင့်ရှိခြင်း**

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ 64 အရ လူတဦး မိမိအနေဖြင့် ဥပဒေအားနားလည်ခြင်းမရှိဟူ၍ အဆင်ခြေပေး၍မရသည့်အတွက် စက်ဘီးစီးနင်းသူများအနေဖြင့် တရားဥပဒေအရတရားမမှုနှင့်ရာဇဝတ်မှုများတွင်အကာကွယ်ရပိုင်ခွင့်ရှိခြင်းတို့အားလေ့လာရမည်ဖြစ်သည်။

**3 ယာဉ်စည်းကမ်းဥပဒေအရ အခွင့်အရေးများ**

ကုန်းလမ်းစည်းကမ်းဥပဒေ သက္ကရာဇ် 2522 ပုဒ်မ 82 ၏သတ်မှတ်ချက်အရ စက်ဘီးစီးနင်းသူများအနေဖြင့် ယဉ်သွားလမ်း၏ ဘယ်ဖက်ကပ်၍ စီးနင်းရမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ယဉ်သွားလမ်းများ ဆောက်လုပ်ရာတွင် စက်ဘက်စီးနင်းရန်အတွက်နေရာများ ဆောက်လုပ်ရမည်ဖြစ်သည်။

**4 ဥပဒေအရ ယာဉ်တိုက်မှုကြောင့်ထိခိုက်ဒဏ်ရာရသူများအား ကာကွယ်ပေးခြင်းအခွင့်အရေး**

စက်ဘီးစီးနင်းသူများအနေဖြင့် ယာဉ်တိုက်မှုကြောင့်ထိခိုက်ဒဏ်ရာရသူများအား ကာကွယ်ပေးခြင်း ဥပဒေ သက္ကရာဇ် 2535 အရ 2 ပိုင်းရပိုင်ခွင့်ရှိသည်။

1) လျော်ကြေးငွေ
2) နစ်နာကြေးရန်ပုံငွေ

**5 လူမှုဖူလုံရေးဥပဒေအရ အခွင့်အရေးများ**

အကယ်၍ စက်ဘီးစီးနင်းသူမှာ အလုပ်သမားတဦးဖြစ်ပြီး လူမှုဖူလုံရေးလုပ်ထားပါက လူမှုဖူလုံရေး ဥပဒေ သက္ကရာဇ် 2533 အရ အန္တရာယ်နှင့် ကြုံတွေ့ခြင်း(သို့) နာမကျန်းဖြစ်ခြင်း၊ မသန်စွမ်းဖြစ်ခြင်းနှင့် သေဆုံးခြင်း စသည့်အခြေနေ 3 မျိုးအရ အကာကွယ်ရပိုင်ခွင့်ရှိသည်။

**6 အစိုးရကျန်းမာရေးအာမခံစနစ်အတွင်းရှိ အခွင့်အရေး စက်ဘီးစီးနင်းသူအနေဖြင့် စံနှုန်းပြည့်မီသော ပြည်သူ့**

ကျန်းမာရေးဝန်ဆောင်မှုအား အခမဲ့ ရယူပိုင်ခွင့်ရှိပြီး ဆေးဝါးကုသမှုခံယူချိန်တွင် ထိခိုက်နစ်နာမှုများရရှိခဲ့ပါက ထောက်ပံ့ငွေရယူပိုင်ခွင့်ရှိသည်။



## သားသမီးလုံခြုံရေးအတွက် ဆိုင်ကယ်အုပ်ထုတ်ရွေးပေးခြင်း

**ကလေးများအား ဆိုင်ကယ်မမောင်းမီ ဆိုင်ကယ်အုပ်ထုတ်ဆောင်းပေးပါ။**
ကလေးများအနေဖြင့် "မိမိခန္ဓာကိုယ်ကို လူကြီးတွေလောက် မထိန်းချုပ်နိုင်သည့်အတွက်" မတော်တဆ ဖြစ်နိုင်ချေပိုရှိသည်။

**ထိုင်းစက်မှုလုပ်ငန်းစံနှုန်းအရ**
မေးသိုင်းကြိုး၊ လေဝင်လေထွက်ပေါက်များ၊ အသံနားထောင်ရန်အပေါက်၊ အလင်းဝင်သောလေကာမှန်များ ပါရှိရမည်။

**ကလေးဦးခေါင်းနှင့် အရွယ်စားအတော်အသင့်ရှိရမည်။**
ကြပ်ပြီး အထဲတွင် ဖော့များရှိရပြီး ဦးထုတ်မှာ မျက်စိဖမ်းသောအရောင်များဖြစ်ရမည်။

**မေးသိုင်းကြိုးအား တင့်သင့်စွာတပ်ဆင်ပေးပါ။**
မတော်တဆင်ဖြစ်ချိန်တွင် ကလေး၏ဦးခေါင်းမှ အုပ်ထုတ် ကျွတ်ကျခြင်းတို့ ဖြစ်နိုင်ပါသည်။

### ကလေးအား ဦးထုတ်ဆောင်းခြင်းနှင့် ရင်းနှီးအောင် သင်ထားပေးပါ။



ကလေးအတွက် အတုယူစရာဖြစ်အောင် ဆိုင်ကယ်အမောင်းမှီအမြဲ ဦးထုတ်ဆောင်းပါ။



ကလေးများအား ငယ်ရွယ်စဉ်ကတည်းက ဦးထုတ်ဆောင်းခြင်းနှင့်ရင်းနှီးအောင် သင်ထားပေးပါ။



ကလေးအား ဦးထုတ်ဆောင်းခြင်း၏ ကောင်းကြိုးအား သိရှိနားလည်အောင် သင်ကြားပေးပါ။



### သတိထားရသည့်အချက်၊

6 နှစ်အောက်ကလေးငယ်များနေဖြင့် ဆိုင်ကယ်ဖြင့် ခရီးသွားလာခြင်းအားရှောင်ရှားသင့်ပြီး ခရီးသွားလာရပါက မိဘအုပ်ထိန်းသူများ၏ အနီးကပ် စောင့်ရှောက်မှုအောက်တွင် ရှိသင့်ပါသည်။



**အရေးပေါ်ဖုန်းခေါ်ဆိုရန်**

- လမ်းပေါ်ယဉ် မတော်တဆဖြစ်ခြင်း 1137
- အရေးပေါ်ကိစ္စ 191 (ရဲ)
- အရေးပေါ်မတော်တဆမှု(သို့) အရေးပေါ်ဖျားနာခြင်း 1669 & 1646

SECTION 4

# ရွှေ့ပြောင်းနေထိုင်ခြင်းဆိုတာဘာလဲ?



ရွှေ့ပြောင်းနေထိုင်ခြင်းဆိုသည်မှာ နိုင်ငံအတွင်းတွင်ဖြစ်စေ၊ နိုင်ငံရပ်ခြားသို့ဖြစ်စေ မိမိ မူလနေထိုင်သောနေရာမှ အခြားနေရာသို့ ပြောင်းရွှေ့နေထိုင်ခြင်းကို ဆိုလိုသည်။

## ရွှေ့ပြောင်းနေထိုင်ခြင်းအမျိုးအစားများ

### ဖိအားပေးခံရ၍ ရွှေ့ပြောင်းနေထိုင်ရခြင်း

ဖိအားပေးခံရ၍ ရွှေ့ပြောင်းနေထိုင်ခြင်းသည် နိုင်ငံအတွင်းအိုးမဲ့အိမ်မဲ့ဖြစ်နေသောသူများ (မိမိနိုင်ငံ သို့မဟုတ် နေရပ် အတွင်းဖြစ်နေသော ပဋိပက္ခများကြောင့် အိုးအိမ်မဲ့ရခြင်း၊အသက် အန္တရာယ်စိုးရိမ်ရခြင်း) တို့အပြင် သဘာဝဘေးအန္တရာယ် နျူကလိယဘေးအန္တရယ် သို့မဟုတ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရန် ဆောင်ရွက်သော စီမံကိန်းများကြောင့် ရွှေ့ပြောင်းရခြင်း ကိုဆိုလိုခြင်းဖြစ်သည်။

### စိတ်ဆန္ဒအလျောက် ရွှေ့ပြောင်းနေထိုင်ခြင်း

စိတ်ဆန္ဒအလျောက် ရွှေ့ပြောင်းနေထိုင်ခြင်းသည် မိမိ၏စိတ်သဘောဆန္ဒအလျောက် ပြောင်းရွှေ့နေ ထိုင်ခြင်းကို ဆိုလိုသည်။

## ရွှေ့ပြောင်းနေထိုင်ခြင်းဖြစ်ပေါ်ရခြင်း၏ ဆွဲအားနှင့်တွန်းအားများ

### ဆွဲအားပေးသောအရာများ

- စီးပွားရေးတိုးတက်မှု
- အလုပ်အကိုင်အခွင့်အလမ်းများ
- အချို့သောနေရာများတွင် အလုပ်သမားများစွာခေါ်ယူခြင်း။ ဉပမာ ဆောက်လုပ်ရေးလုပ်ငန်း၊ ရေထွက်ကုန်လုပ်ငန်းများ။
- မိသားစုပြန်လည်ပေါင်းစည်းခြင်း

### တွန်းအားပေးသောအရာများ

- အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း
- နိုင်ငံရေး၊ ဘာသာရေးနှင့် နိုင်ငံတွင်း ပဋိပက္ခများ
- အသက်အန္တရာယ်ခြိမ်းခြောက်မှုများ
- ဘဏ္ဍာရေးအကြပ်အတည်း
- သဘာဝဘေးအန္တရာယ်များ

## ပြည်ပနိုင်ငံများသို့ အလုပ်သွားရောက်မလုပ်ကိုင်မီ စစ်ဆေးရမည့်အရာများ။

- နိုင်ငံကူးလက်မှတ် (ပါတ်စ်ပို့)
- ဗီဇာ
- အလုပ်လုပ်ခွင့်
- အလုပ်စာချုပ်

## တရားမဝင် နှင့် တရားမဝင် ရွှေ့ပြောင်းနေထိုင်ခြင်း

### တရားဝင်ရွှေ့ပြောင်းခြင်း

- တရားဝင် ဝင်ရောက်ခြင်း
- နေထိုင်ခွင့်
- တရားဝင်အလုပ်လုပ်ခွင့်ရခြင်း
- ထိုင်းနိုင်ငံ၏ အလုပ်သမားဉပဒေအရ ကာကွယ်စောင့်ရှောက်မှုရခြင်း၊ လူမှုဖူလုံရေးနှင့် ကာကွယ်စောင့်ရှောက်မှုများရရှိခြင်း

### တရားမဝင်ရွှေ့ပြောင်းနေထိုင်ခြင်း

- တရားမဝင် ဝင်ရောက်ခြင်း
- တရားမဝင်နေထိုင်ခြင်း
- တရားမဝင် အလုပ်လုပ်ကိုင်ခြင်း
- ဖမ်းဆီးခံရခြင်းနှင့် ပြန်လည်ပို့ဆောင်ခံရခြင်း

# ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းအကြောင်းအရင်းနှင့် ဖြစ်ပေါ်လာနိုင်သည့်နောက်ဆက်တွဲ အကျိုးဆက်များ

ပုံမှန်မဟုတ်သောရွှေ့ပြောင်း သွားလာနေထိုင်ခြင်းဆိုသည်မှာ အန္တရာယ်ရှိသောအရာဖြစ်သကဲ့သို့ လူကုန်ကူးမှုနှင့် ဆက်စပ်သက်ဆိုင်သော အခွင့်အရေးချိုးဖောက်ခံရသည့် ပုံစံကဲ့သို့ဦးတည်သွားနိုင်ပါသည်။ ၎င်းပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာ နေထိုင်ကြသည့် အုပ်စုများထဲတွင် အထူးသဖြင့် အမျိုးသမီးနှင့် ဆယ်ကျော်သက်မိန်းကလေးများသည် အလုပ်သမားအခွင့်အရေး ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် လူကုန်ကူးမှုခံရနိုင်သော အန္တရာယ်ကျရောက်နိုင်သည့်ပစ်မှတ်အုပ်စုဖြစ်သည်။ ရွှေ့ပြောင်းနေထိုင်သူ အမျိုးသမီးအများစုမှာ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းနေထိုင်ခြင်းနည်းလမ်းကိုရွေးချယ်အသုံးပြု၍ အလုပ်လုပ်လိုသော ဆန္ဒရှိကြသည်မှာ ငွေရေးကြေးရေးအခက်အခဲ အကြပ်အတည်းနှင့်ရင်ဆိုင်နေရခြင်းကြောင့်ဖြစ်သည်။



## ပုံမှန်မဟုတ်သောရွှေ့ပြောင်းသွားလာနေထိုင်ခြင်း ဖြစ်ပေါ်လာရသည့် အကြောင်းအရင်းများ

- ပုံမှန်ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းလုပ်ငန်းစဉ်အတွက် ကုန်ကျစရိတ်များပြားခြင်း။
- ငွေရေးကြေးရေးအခက်အခဲကြပ်တည်းခြင်း။
- တရားဝင် လက်မှတ်အထောက်အထားမရှိခြင်း။
- လုံခြုံသောရွှေ့ပြောင်းသွားလာနေထိုင်မှုဆိုင်ရာ သတင်းအချက်ရယူရန်လက်လှမ်းမမှီခြင်း။


## ပုံမှန်မဟုတ်သောရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနှင့် အလုပ်ငှားရမ်းမှု ဆိုင်ရာပုံစံများ

ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးနှင့်ဆယ်ကျော်သက်မိန်းကလေးများသည် မိမိတို့တရားဝင်အထောက်အထားမရှိခြင်းနှင့်လုပ်ငန်းခွင်နယ်ပယ်များတွင် အလုပ်သမားပြတ်လပ်မှုပြဿနာများ မြင့်မားနေသည့်အတွက် လုပ်ငန်းခွင်အတွေ့အကြုံမရှိသောလုပ်သားများဖြစ်သည့် အိမ်ဖော်လုပ်ငန်းနှင့် ဖျော်ဖြေရေးလုပ်ငန်းစသည့်လုပ်ငန်းခွင်ထဲသို့သာ ဝင်ရောက်လုပ်ကိုင်လိုသောဆန္ဒ ရှိကြသည်။

- တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော အသေးစားစက်ရုံလုပ်ငန်းများ။
- အိမ်ဖော်လုပ်ငန်း။
- စိုက်ပျိုးရေးလုပ်ငန်း
- အမှိုက်ပုံ၌လုပ်ကိုင်ရသောလုပ်ငန်း
- အဝတ်လျှော်ဆိုင်လုပ်ငန်း

## ပုံမှန်မဟုတ်သည့်ရွှေ့ပြောင်းသွားလာနေထိုင်ကြသည့် အမျိုးသမီးနှင့် ဆယ်ကျော်သက်မိန်းကလေးများမှ အဓိက တွေ့ကြုံရင်ဆိုင်ရသော နောက်ဆက်တွဲ အကျိုးဆက်များ

- လိင်ကွဲပြားမှုပေါ်အခြေခံပြီး လုပ်ခလစာကွာဟခြင်း။
- အခြေခံအနည်းဆုံးလုပ်အားခထက် နည်းပါးစွာရရှိခြင်း။
- အတင်းအကြပ်လုပ်အားခိုင်းစေခံရခြင်း။
- လူကုန်ကူးမှုသားကောင်ဖြစ်ခြင်း။
- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရခြင်း။
- လူမှုရေးနှင့် ဥပဒေကာကွယ်မှုမရရှိခြင်း။



SECTION 5

# ထိုင်းလူမျိုးမဟုတ်သော ကလေးများအတွက် ရရှိနိုင်သော ပညာသင်ခွင့်

## ရွှေ့ပြောင်းပညာရေး

Migrant Learning Center သည် ရွှေ့ပြောင်းကလေးများအတွက် အစားထိုးပညာရေး အစီအစဉ်များထဲမှ တစ်ခုဖြစ်သည်။ အများစုမှာ ထိုင်း-မြန်မာ နယ်စပ်တလျှောက်တွင် တည်ရှိသည်။ ရွှေ့ပြောင်းနေထိုင်သူများ၏ အဓိကအချက်အချာဖြစ်သော မဲဆောက်ခရိုင်တွင် MLC ပေါင်း ၄၆ ခုရှိသည်။ MLC သည် ရွှေ့ပြောင်းကလေးများ ကျောင်းထွက်ခြင်းမှ ကာကွယ်ရန် အရေးကြီးသော ချဉ်းကပ်မှုတစ်ခုအဖြစ်တည်ရှိပါသည်။ NGO များမှ ပံ့ပိုးပေးသော ညှိနှိုင်းဖွဲ့စည်းပုံဖြစ်သည့် ရွှေ့ပြောင်းပညာရေး ညှိနှိုင်းရေးစင်တာ (MECC) ၏ စာရင်းဇယားများအရ သိရသည်။ ၎င်းစာရင်းဇယားများအရ ကျောင်းသားအများစုသည် သူငယ်တန်းမှ အထက်တန်းအဆင့်အထိ ပညာရေးကို ပံ့ပိုးပေးသည့် MLC တွင်တက်ရောက်နေသူများဖြစ်သည်။


2022-2023 ပညာသင်နှစ်တွင် MECCs ၏ MLCs အချက်အလက်များအရ Tak ပြည်နယ်တွင် MLC ကျောင်း 65 ကျောင်းရှိပြီး MLC များ၏ 84.6% သည် မြန်မာသင်ရိုးညွှန်းတမ်းကို အသုံးပြုထားသည်။ မိမိနေထိုင်ရာနယ်မြေအနီးရှိ MLCကျောင်းများအားရှာဖွေလိုပါက သို့မဟုတ်ကျောင်းများအကြောင်းပိုမိုသိရှိလိုပါက မြန်မာရွှေ့ပြောင်းဆရာများအသင်း (BMTA)၊ Ph- 063 480 2909 သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ သင့်ကလေးများအတွက် MLCs နှင့် Protection Mechanism တို့ကို ပိုမိုကောင်းမွန်စွာ နားလည်နိုင်စေရန် MECC ဝက်ဘ်ဆိုဒ်တွင်လည်း ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။ https://www.mecctak2.com/





## General Educational Development (GED)

GED ပညာရေးသည်ကျောင်းသား၊ကျောင်းသူများအတွက် ရွေးချယ်စရာပညာရေးတစ်ခုဖြစ်ပါသည်။ အထက်တန်းကျောင်းအဆင့်မပြီးမြောက်သေးသော ကျောင်းသား၊ကျောင်းသူများ အတွက် အစားထိုးပညာရေးတစ်ခုဖြစ်ပါသည်။ ထိုင်းနိုင်ငံ (သို့မဟုတ်) ပြည်ပနိုင်ငံများတွင် ပညာဆက်လက်ဆည်းပူးလိုသော ရွှေ့ပြောင်းနေထိုင်သူ (သို့မဟုတ်) ဒုက္ခသည်ကျောင်းသား ၊ ကျောင်းသူများသည် အသက် ၁၆နှစ်မှစ၍ GEDပညာရေးအား စတင်သင်ကြားနိုင်ပါသည်။ GED တွင် အဓိက ဘာသာရပ် (၄)မျိုးရှိပါသည်။



Mathematical Reasoning



Reasoning Through Language Arts



Science



Social Studies

GED ပညာရေးအားသင်ကြားနေသော ကျောင်းသား/သူများသည် မိမိတို့၏တက်မြောက် နားလည်မှုအားသိရှိရန် အစမ်းစာမေးပွဲ ဖြေဆိုရန်လိုအပ်ပါသည်။ အစမ်းစာမေးပွဲ တဘာသာ ကုန်ကျစားရိတ်သည် 7USD ဖြစ်ပြီး ဘာသာစုံ ကုန်ကျစားရိတ်သည် 28 USD ဖြစ်ပါသည်။ စာမေးပွဲ၏ ဖြေဆိုချိန်မှာ ၄၅မိနစ်မှ မိနစ် ၆၀ အတွင်းဖြစ်ပါသည်။ ကျောင်းသား/သူများသည် GED အစမ်းစာမေးပွဲအား ဖြေဆိုအောင်မြင်ပါက GED စာမေးပွဲကြီးကုန်ကျစားရိတ်သည် တဘာသာလျှင် 80 USD ဘာသာစုံ USD 320 ဖြစ်သည်။ ဘာသာရပ်၄ခုလုံးပြီးမြောက်အောင်မြင်ပါက အဆင့်မြင့်ပညာရေးအား ဆက်လက်တက်ရောက်နိုင်ရန် အထက်တန်း အောင်မြင်ကြောင်း Diplomaရရှိမည်ဖြစ်ပါသည်။

ယခုလက်ရှိတွင် Minmahaw, Hsa Thoo Lay, New Blood, CDC, and K-GED, စသည့်ကျောင်းများသည် ရွှေ့ပြောင်းရောက်ရှိလာသော ကလေးများအတွက် GED သင်တန်းများအားသင်ကြားပေးပါသည်။ ဥပမာအားဖြင့် မင်းမဟော်ကျောင်းသည် ကျောင်းသား ၂၄ယောက်အတွက် အခမဲ့ တစ်နှစ်စာ GED ပညာရေးအစီအစဉ်အားထောက်ပံ့ပေးထားပါသည်။ တချို့ကျောင်းများတွင် ပြန်လည်အခြေကျရေး အစီအစဉ်များ လုပ်ဆောင်နေသော သင်တန်းမတက်ရောက်နိုင်သော GED ကျောင်းသားများအတွက် အထူးအစီအစဉ်များလည်း ရှိပါသည်။ GED ပညာရေးအား သင်ကြားပေးနေသော ကျောင်းများအားအောက်တွက်ဖော်ပြထားပြီး ကျောင်းနှင့် ပတ်သပ်သော သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက Burmese Migrant Teachers' Association (BMTA) မှ မမိနွေးအား Ph – 063 480 2909 ကို ဆက်သွယ်မေးမြန်နိုင်ပါသည်။

1. Min Ma Haw School
2. BMWEC (Burmese Migrant Worker Education Committee)
3. Thoo Mwah Khee Learning Center
4. New Blood Hight School
5. Mae Sot School
6. Thabyay GED Test Center
7. Mueang tak District
8. The Inclusive Education Foundation
9. CDC School
10. MECC
11. Parami Learning Centere
12. BHSOH Learning Center (Pre GED)
13. BEAM GED online program

SECTION 6

# မိမိကိုယ်ကို စိတ်ဖိစီးမှု အကဲဖြတ်နည်း။



စိတ်ဖိစီးမှုနှင့် စိတ်ဓါတ်ကျခြင်းတို့သည် ရွှေ့ပြောင်းနေထိုင်သူတိုင်းတွင် ဖြစ်ပွါးနိုင်လေ့ရှိသည်။ ထိုပြသနာများကို သင်ကိုယ်တိုင်ဖြေရှင်းရန် သင်ယူခြင်းသည် ထိုထိုသော ပြသနာများအား လျှော့ချစေရန် အထောက်အကူဖြစ်စေသည်။ စာဖတ်ခြင်း ၊ လမ်းလျှောက်ခြင်း၊ တရားထိုင်ခြင်းနှင့် လေ့ကျင့်ခန်းလုပ်ခြင်း စသည့်အခြေခံလှုပ်ရှားမှုအချို့သည်လည်းစိတ်ဖိစီးမှုအချို့ကိုပြေလျော့စေပါသည်။

သို့သော် သင်သည် ကျွမ်းကျင်ပညာရှင်ထံမှ စိတ်ပိုင်းဆိုင်ရာနှင့်ပတ်သက်၍ ဆွေးနွေးရန် လိုအပ်ပါက ကျေးဇူးပြု၍ ကျွန်ုပ်တို့အား ဆက်သွယ်ပါ။ သင့်အား ကျွမ်းကျင်သူများနှင့် ချိတ်ဆက်ပေးရန် ကျွန်ုပ်တို့ ကူညီနိုင်ပါသည်။

သင့်အနေဖြင့် မိမိတွင်ဖြစ်ပေါ်နေသော လက္ခဏာများ ၊ ခံစားချက်များ (သို့)အခြားသော လက္ခဏာများမှာ စိတ်ဖိစီးမှုကြောင့် ဖြစ်ပေါ်နေသော လက္ခဏာများ ဟုတ်မဟုတ်ကို စမ်းစစ်လိုပါက အောက်တွင် ဖော်ပြထားသော QR Code တွင်ရှိသော မေးခွန်းများအား ဖြေဆိုစစ်ဆေးနိုင်ပါသည်။ ထို QR Code တွင်ရှိသော မေးခွန်းများမှာ "စိတ်ဖိစီးမှု အကဲခက်ခြင်း" မေးခွန်းများဖြစ်ပါသည်။ မေးခွန်းအချက် 20 ရှိပြီး ထိုမေးခွန်းများအား စိတ်ကျန်းမာရေးဌာနမှ အကဲခက်ရန် ပြုလုပ်ထားသော မေးခွန်းများဖြစ်ပါသည်။ မေးခွန်းတခုချင်းစီအား သင့်အနေဖြင့် ဤသို့အမှတ်ပေးနိုင်ပါသည်။ (သင့်အနေဖြင့် အဖြေအားပြန်လည်သုံးသပ်ရန်အတွက် ဖြည့်စွက်ခဲ့သော ရလာဒ်များအား မှတ်ထားရန်လိုအပ်ပါသည်။)

## အရေးပေါ်အခြေအနေတွင် ကလေးသူငယ်များအားစောင့်ရှောက်ခြင်း



1
ကလေး များလည်း စိတ်ဖိစီးမှုဖြစ်နိုင်သည်။ ကွဲပြားခြားနားသည့် အပြုအမူများရှိသည်။



2
အပြစ်မပေးပါနှင့်။



3
ကလေးများအား အသိအမှတ်ပြုပေးပြီး အားပေးပါ။

4
ကလေးများ၏ စိတ်ခံစားချက်များကို ဖြေလျော့ဖော်ပြနိုင်ရန်အတွက် ဖွင့်ဟပြောဆိုခိုင်းခြင်း၊ ကစားခြင်း၊ ရုပ်ပုံဆွဲခြင်းတို့ဖြင့် ဆက်သွယ်ခိုင်းပါ၊



**"သတိရှိပါ။ စိုးရိမ်ထိတ်လန့်မှု မလွန်ကဲပါနှင့်"**

SECTION 7

# လူမှုဝန်ဆောင်မှု




လိင်ပိုင်းဆိုင်ရာ စော်ကားခံရသော ကလေးသူငယ်များနှင့် အမျိုးသမီးများ၊ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသည့် အသက် ၁၅ နှစ်အောက် ကလေးများနှင့် မိသားစုဝင်များထံမှ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ခံခဲ့သော အသက်15 နှစ်နှင့် အထက် အမျိုးသမီးများကို အကာအကွယ်ပေးရန်၊ မဲဆောက်ဆေးရုံရှိ OSCC စင်တာအား အစိုးရဌာနများနှင့် ဒေသဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများပူးပေါင်းကာဖွင့်လှစ်ထားပါသည်။

### OSCC မှာ ရရှိနိုင်သောဝန်ဆောင်မှုများ

- ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးခြင်းနှင့် ဆေးဝါးကုသခြင်း။
- စိတ်ပိုင်းဆိုင်ရာ အကြံဉာဏ်ပေးခြင်းနှင့် လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီမှုများ။

### ကာကွယ်မှု

- စည်းကမ်းထိန်းသိမ်းရေးအဖွဲ့နှင့် အိမ်တိုင်ရာ ရောက်လည်ပတ်စောင့်ရှောက်မှုများ။

### ဆက်သွယ်နိုင်သည့် ဌာနများ

Call Center: One Stop Crisis Center (OSCC): 1669


Social Assistance Center: 1300

Suwannimit Foundation (SNF): 095-06436226



SECTION 8

# အမျိုးသားစီစစ်ရေးယန္တရား (NSM) ဆိုတာဘာလဲ ?



အမျိုးသားစီစစ်ရေးယန္တရား သို့မဟုတ် NSM သည် တရားမဝင် နိုင်ငံခြားသားများ (လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေ အရ) နှင့် ဒုက္ခသည်များ (အကာအကွယ်ပေးထားသော လူများ) တို့အကြား ခွဲခြားရန် ယန္တရားတစ်ခု ဖြစ်သည်။ NSM ၏ ရည်ရွယ်ချက်မှာ ထိုင်းနိုင်ငံတွင် တရားမဝင်ဝင်ရောက်လာသူများနှင့် နေရပ်သို့ မပြန်နိုင်သည့် အကာအကွယ် လိုအပ်နေသူများကို အကာအကွယ်ရရှိစေရန်ဖြစ်သည်။

NSM သို့ လျှောက်ထားနိုင်သူများမှာ ထိုင်းနိုင်ငံသားမဟုတ်သောသူ မူလနိုင်ငံသို့ မပြန်လိုသောသူ ပြည်ထဲရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော ယန္တရား သို့မဟုတ် လုပ်ထုံးလုပ်နည်းအရ မည်သည့်အဖွဲ့နှင့်မျှ မသက်ဆိုင်သူဖြစ်ရမည်။ တတိယနိုင်ငံသို့သွားခွင့်ရရှိသူများနှင့် မြန်မာနိုင်ငံ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ရွှေ့ပြောင်းအလုပ်သမားဖြစ်ခြင်း မရှိသူဖြစ်ရမည်။

## NSM ၏ စံသတ်မှတ်ချက်



**NSM လက်အောက်ရှိ “အကာအကွယ်ပေးထားသော ပုဂ္ဂိုလ်” သည် မည်သူနည်း။**

- ၎င်းတို့၏နိုင်ငံပြင်ပ သို့မဟုတ် မူလဒေသ၏ပြင်ပတွင် နေထိုင်ခြင်း။
- ထိုင်းနိုင်ငံတွင်းရောက်ရှိနေခြင်း။
- နိုင်ငံ သို့မဟုတ် အမိမြေသို့ မပြန်လိုခြင်း သို့မဟုတ် ပြန်ရန်ဆန္ဒမရှိခြင်း။
- ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို ရင်ဆိုင်ရမည်ဟု ယုံကြည်ခြင်း။
- လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ နိုင်ငံရေးအကျဉ်သားဟောင်း နှင့် လူမှုရေးအဖွဲ့၏ အဖွဲ့ဝင်ဖြစ်ခြင်း။



**NSM လက်အောက်ရှိ “အကာအကွယ်မပေးထားသော ပုဂ္ဂိုလ်” သည် မည်သူနည်း။**

- မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ရွှေ့ပြောင်းအလုပ်သမားများ။
- ပြည်ထဲရေးဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့မှ ထုတ်ပြန်သော သီးခြားလုပ်ထုံးလုပ်နည်းများနှင့် အရေးယူခံထားရသူများ။
- အခြားနိုင်ငံများမှ အကာအကွယ်ရရှိသူများ။
- ငြိမ်းချမ်းရေးကို ဆန့်ကျင်သည့် ရာဇဝတ်မှုများတွင် ပါဝင်ပတ်သက်သူများ။

## NSM လုပ်ငန်းစဉ်၏ အဓိကအဆင့် ၂ ခုရှိသည် ၎င်းတို့မှာ –



**၁** အရည်အချင်းပြည့်မီမှု လျှောက်လွှာ

- အကာအကွယ်ရရှိရန်အတွက် သတ်မှတ်ထားသော အချက်အလက်များပြည့်မီမှုအား လူဝင်မှုကြီးကြပ်ရေး ဗျူရိုသို့ တင်ပြပြီး လျှောက်လွှာပဏာမစီစစ်ရန်နှင့် အပြန်အလှန်တင်ပြတောင်းဆိုခြင်း။
- တောင်းဆိုချက်သည် အပြုသဘောဆောင်ပါက၊ လျှောက်ထားသူသည် လျှောက်လွှာတင်ရန် အရည်အချင်းပြည့်မီပါသည်။
- **ရည်ရွယ်ချက်-** လျှောက်လွှာတင်ရန် အရည်အချင်းပြည့်မီမှုကို စစ်ဆေးရန်ဖြစ်သည်။

**၂** ကာကွယ်မှုဆိုင်ရာ လိုလားသူများအတွက်လျှောက်လွှာ

- NSM အားလျှောက်ထားရန် လျှောက်လွှာအား စီစစ်ရေးကော်မတီထံ တင်ပြရမည်။
- ရုံတင်ခြင်းအောက်တွင်လျှောက်ထားမှုအားစစ်ဆေးနေစဉ်၊ လျှောက်ထားသူတစ်ဦးအဖြစ် တရားဝင် အနေအထားအား ခံယူရမည်ဖြစ်သည်။

## စိစစ်မှုအောက်တွင်

- လျှောက်လွှာတွင် သတ်မှတ်ထားသော အချက်အလက် အရည်အချင်းများအားလုံး ပြည့်မီပါက လျှောက်ထားသူသည် NSM အောက်ရှိ ကာကွယ်မှုအားရရှိမည်ဖြစ်သည်။
- **ရည်ရွယ်ချက်-** ကာကွယ်မှုအား ဆုံးဖြတ်ရန်နှိပ်စက်ညှဉ်းပန်းခံရသည့် အကြောင်းရင်းကို စစ်ဆေးမည်ဖြစ်ပါသည်။

NSM လုပ်ငန်းစဉ်အား ခြုံငုံသုံးသပ်ပါက လျှောက်ထားလိုသူသည် ပထမဦးစွာ လျှောက်လွှာတင်ရမည်ဖြစ်သည်။ ထို့နောက်တွင် ကြိုတင်စစ်ဆေးမှုဆုံးဖြတ်ချက်ကို ရက်ပေါင်း 30 အတွင်း ပြုလုပ်မည်ဖြစ်သည်။ 15ရက်အတွင်းမအောင်မြင်ပါကအယူခံဝင်ပြီး ရက် 60 အတွင်း အောင်မြင်ပါကမှတ်ပုံတင်ရမည်။

လျှောက်ထားသူသည် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်မီသည်ဟု ဆုံးဖြတ်ပါက NSM ၏ အကာအကွယ်ကို ရရှိမည်ဖြစ်ပြီး




### ရရှိနိုင်သောအခွင့်အရေးများမှာ –

- စာရွက်စာတမ်း သို့မဟုတ် ယာယီနေထိုင်ခွင့် တရားဝင်အခြေအနေ ရရှိခြင်း။
- ပြည်နှင်ဒဏ်ပေးခြင်းမှလွတ်ကင်းခြင်း။
- ယာယီ သို့မဟုတ် အထူးနေထိုင်ခွင့်ပြုခြင်း။
- ကလေးများအတွက် ပညာရေးရရှိခြင်း။
- ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများ ရရှိခြင်း တို့ဖြစ်သည်။

လျှောက်ထားသူသည် သတ်မှတ်ထားသည့် အချက်အလက်များနှင့် မကိုက်ညီပါက **လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေဖြင့် အရေးယူခံရနိုင်ပါသည်။**

**သတင်းအချက်လက်များပိုမိုသိရှိရန်:**

NSM Website    FQA in UNHCR




Published by

Rights Beyond Border

7/13 Prasartvithi Rd., Mae Sot, Tak 63110

https://www.facebook.com/RightsBeyondBorder

https://rbbinformationhub.com/